


# မောင်ချောနွယ်
# ဆန်သွားသောနေ့များ

မောင်ချောနွယ်

ဒုတိယအကြိမ်

mgyoe.com
mgyoe.com

mgyoe.com

အလိုလိုကြွေကျတဲ့ သစ်သီးများသာစားသုံးရင်း
ဟောဒီ
ကမ္ဘာလောကရဲ့ ချောင်းလေးတစ်ခုမှာ
အရေးမပါတဲ့ ငှက်ကလေးတစ်ကောင်လို
ငါ့အနုပညာနဲ့သာ ငါနေထိုင်ရင်း
အလင်းစာတ်ကို မြတ်နိုးခဲ့ပါတယ်။
ရေဆူအမှတ်မှာ မီးခိုးအူအူနဲ့ ဆန်တက်မြဲ
ဘယ်လက်ဖွေ့ပွဲမှ မထိုးခဲ့ပါ။
ဘယ်ပြေးပွဲပြိုင်ပွဲမှလည်း မပါဝင်ခဲ့ပါ။

မောင်ချောနွယ်

ဆန်သွားသောနေ့များ
မောင်ချောနွယ်

MCN0006
1,500.00 KS

mgyoe.com

mgyoe.com.

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
မျက်နှာဖုံး - လင်းငြိမ်
၂၀၁၅၊ ဧပြီလ၊ ဒုတိယအကြိမ်၊ ၂၀၀၃ မုံရွေးစာအုပ်တိုက်၏ ပထမအကြိမ်မူ၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၅၀၀ ကျပ်

မောင်ချောနွယ်ဆန်သွားသောနေ့များ
မောင်ချောနွယ် - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၅၊
စာမျက်နှာ ၇၁ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) မောင်ချောနွယ်ဆန်သွားသောနေ့များ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# မောင်ချောနွယ်
# ဆန်သွားသောနေ့များ
# မောင်ချောနွယ်

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


– အစမ်းတွင်းတစ်တွင်းရဲ့အိုင်ထွန်းမှု

၁။ အရိပ်ခြေသစ်ပင် ၁

၂။ မင်းမုန်းတဲ့နေ့ဟာ
ငါအမုန်တရားကို တွေ့ရှိတဲ့နေ့ဖြစ်တယ် ၃

၃။ ခေါင်းထဲက ဝိညာဉ် ၅

၄။ ပန်းချီ ၈

၅။ ရေထဲမြို့ ၉

၆။ ကြေးနန်းစာ ၁၁

၇။ မစ္စတာချာလီ ခင်ဗျားကို ကျုပ်ဆွတ်လိုက်ပြီ ၁၅

၈။ မြို့သစ်မိုး ၁၆

၉။ ဂျုံးနီ ၁၉

၁၀။ စိတ်အန်ဖတ် ၂၃

၁၁။ ဆတ်သွား ၂၅

၁၂။ အသံထွက်ညှံ့ညှံ့နဲ့ ကံကြမ္မာ ၃၁

၁၃။ ပေတိုး ၃၄


mgyoe.com

mgyoe.com


၁၄။ မမတင်ရဲ့ ကျောင်းကလေး ၃၈

၁၅။ မျက်ရည်စစ်စစ်တွေ ၄၁

၁၆။ ရန်သူမဲ့သော နေ့ရက်များ ၄၄

၁၇။ မွေးနေ့ ၄၆

၁၈။ ဖျံဖမ်းသမား ၄၈

၁၉။ ကန်းနားဗားရီးရဲ့ဘောလုံးတွေ ၅၂

၂၀။ နွေဦးသစ်သီးသစ်များ ၅၄

၂၁။ မြေကြီးပေါ်မှာ ၅၆

၂၂။ တန်ဖိုး ၅၈

၂၃။ စက်ချုပ်သမားရန်ကုန် ၆၀

၂၄။ ဖြူး ၆၆

၂၅။ ကမ္ဘာကြီးအတွက် မောနင်းပက် ၆၇

၂၆။ အိမ် ၆၉

၂၇။ မောင်ချောနွယ်ဆန်သွားသောနေ့များ ၇၀


❑

mgyoe.com

mgyoe.com



## အစမ်းတွင်းတစ်တွင်းရဲ့အိုင်ထွန်းမှု

သူတစ်ပါးကို အကျဉ်းအကြပ်မပေးခဲ့သူ (သူလည်းမကျဉ်းကြပ်နိုင်ဘူးလေ) ခုနစ်စဉ်ကြယ်ပြောင်လေးများကို လှလွန်းလို့ငေးကြည့်ရင်း...

သလဲသီးထဲက စီစီရီရီနဲ့ နီရဲနေတဲ့ သလဲစေ့လေးတွေရဲ့ အနေအထိုင်လေးတွေကို ချစ်မက်မိရင်း...

ချစ်စရာပေါင်းကူးတံတားဖြူဖြူမလေးလို လိုက်နေထိုင်ရင်း ပွဲတော်တွေထဲမှ မီးရောင်စုံနဲ့ ဒုက္ခကြီးကြီး လည်ပတ်ရာမှာ သူရဟတ်ကြီး အပျော်ကို ကျွန်တော်စာနာရင်း...

မြို့ကြီးပြကြီးထဲက ညနေရီကြယ်ပြာလေး မာကျူရီအလွမ်းကို လွမ်းရင်း...

စိမ်းမြသစ်လွင်သော ရေဝေတောတန်းလေးရဲ့ချမ်းမြေ့မှုကို သူနဲ့အတူထပ်တူချမ်းမြေ့ရင်း...

မိုးစွေငှက်ကလေးရဲ့ကောင်းကင်ကို ကျွန်တော် လေးစားတန်ဖိုးထားရင်း...

ဒါပေမယ့် ကျွန်တော်တို့ ပြောပြနိုင်တဲ့အရာဟာ တစ်ခုပဲရှိပါတယ်။ သံတုံးသံခဲတွေမှာ သွေးသားမရှိကြပါဘူးလို့၊

ကျွန်တော်တို့ရဲ့ဒဏ်ရာတွေကို ကိုယ့်အနုပညာနဲ့ကိုယ် သွေးတိတ်စေခဲ့ကြပါတယ်။

mgyoe.com

mgyoe.com

ကိုယ့် သွေးအန်ဖတ်နဲ့ကိုယ် အသိုက်ဆောက်ခဲ့ကြသူ ဇိဝဇိုး ငှက်ကလေးများကို မြတ်နိုးရင်း...

ကျွန်တော်တို့ရဲ့ ချစ်ခြင်းမေတ္တာဆီရောက်ရှိလာတဲ့ သစ်ရွက်ကလေးများကို ကျွန်တော်တို့တစ်တွေ နွေးထွေးယုယခဲ့ပါတယ်။ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့သစ္စာတရားနဲ့အတူ နေထိုင်ကြီးပြင်းခဲ့ကြပြီး သူတစ်ပါးရဲ့ ကောက်ပဲသီးနှံတွေကို မခိုးယူမစားသောက်ပဲ ညောင်သီးလေးများကိုသာ စားသောက်ခဲ့တဲ့သူ ငှငှက်ကလေးပမာ နေထိုင်ခဲ့ကြပါတယ်။

ကျွန်တော်တို့အားလုံး နားလည်မှုဆင်ဖိုနီအထူးလိုအပ်လှပါတယ်။ ကမ္ဘာပေါ်မှာ အရှားပါးဆုံး ပင်ဒါ၀က်ဝံလေးတွေကို ချစ်သလို ကျွန်တော်တို့ရဲ့ ကဗျာဆရာကိုချစ်ပါ။ ကဗျာဆရာဟာ ပင်ဒါ၀က်ဝံလေးတွေဖြစ်ပါတယ်။ ဟိမဝန္တာက ရှားပါးတဲ့ ကျားသစ်ကလေးတွေကို အားကိုးသလို ကျွန်တော်တို့ရဲ့ ကဗျာဆရာကို အားကိုးပါ။

ကဗျာဆရာဆိုတာ
ကမ္ဘာပေါ်မှာ အရှားပါးဆုံးသော
ဟိမဝန္တာက ကျားသစ်ကလေးလည်း ဖြစ်ပါတယ်။

မောင်ချောနွယ်

mgyoe.com

## အရိပ်ခြွေသစ်ပင်

အရိပ်ခြွေသစ်ပင်ဟာ
ကမ္ဘာပေါ်မှာ တစ်ပင်တည်းရှိတယ်
အရိပ်ခြွေသစ်ပင်ဟာ
သစ်ရိပ်တွေ မခြွေဘူး
အရိပ်တွေသာ ခြွေခြွေချပေးနေတယ်
သူခြွေချတဲ့ အရိပ်ထဲမှာ
ဆန်းသစ်တဲ့ နေ့ရက်တွေပါတယ်
ပန်းသစ်ဝေဝေ မနက်ခင်းတွေပါတယ်
ရွှန်းလက်ဝင်းပတဲ့ သစ်သီးတွေပါတယ်
ပြန်ကျမိုးစက်တွေ ပါတယ်
ဘာဖြစ်လို့များ
သူကအရိပ်တွေ ခြွေလိုက်တိုင်း
အဲဒါတွေက ပါဝင်နေရတာလဲ
ငါစဉ်းစား

mgyoe.com


ငါ့မှာ စဉ်းစားခြင်းဘူတာ
ဆိုက်ကပ်ကပ်နေမိ
ငါ့မှာ
ထထပျံ့ဝဲနေမိ
ငါ့မှာ
သိချင်းထထ အော်ဟစ်ဆိုမိ၊
ဘာဖြစ်လို့ပါလိမ့်
ငါစဉ်းစား
ငါတွေးကြည့်
ငါသိချင်မိ
ထူးဆန်းလှရဲ့
ဒီအရိပ်ခွေသစ်ပင်အကြောင်း
သူကတော့ ဘာသိဘာသာပဲ
အရိပ်တွေပဲ ခွေခွေချပေးနေ
ငါစူးစမ်း
ငါမနေနိုင်တော့ဘူး
ဒါနဲ့ငါဟာ အရိပ်ခွေသစ်ပင်ဆီသွားကာ
သွားကိုင်တွယ်ကြည့်မိ
ငါသိလိုက်ရပြီ
သူ့တစ်ကိုယ်လုံးမှာ ကြီးပေါင်းတက်ဒဏ်ရာတွေချည်း
နိုင်းချင်း၊
ကမ္ဘာပေါ်မှာ ဒဏ်ရာရ သစ်ပင်တွေလောက်လှတာ
ဒဏ်ရာရသစ်ပင်ပဲရှိ၊
သြော်–
ဒါကြောင့် သူက အရိပ်တွေခွေပေးနိုင်တာကိုး။ ။

mgyoe.com

## မင်းမုန်းတဲ့နေ့ဟာ
## ငါ့အမုန်တရားကို တွေ့ရှိတဲ့နေ့ဖြစ်တယ်

မင်းရက်စက်မှုဟာ ကမ္ဘာမှာမရှိခဲ့ပါဘူး
ငါဟာ နာကျင်ကျိုးကျေပြီး
အိပ်ရာပေါ်မှာ အလူးလူးအလှိမ့်လှိမ့်
ဘာမှလည်း မတွေးခေါ်နိုင်
ဘာမှလည်း မခံစားပေးနိုင်
ပွဲတော်တွေနဲ့ကင်းဝေးလို့
ပြာကျမသွားရုံ အသက်ငွေ့ငွေ့ကလေးနဲ့
မင်းပက်စက်လိုက်တာကွယ်လို့တောင်မှ
ငါ့မှာ အသံမထွက်နိုင်ခဲ့ပါဘူး။

နေထွက်နေဝင်ချိန်တွေလည်း
ငါ့မှာမသိတော့ပါ...

ငါ့အနုပညာအရင်းအမြစ်ကလေးလည်း
ဘယ်ဆီဘယ်ဝယ်မှာလဲ
ငါမသိတော့ပါ....
ငါ့အဘိဓမ္မာတွေလည်း
ငါ့မှာမဆုပ်မိမကိုင်မိတော့ပါ။

mgyoe.com

mgyoe.com


ငါဟာ
'ဝိမုတ္တိ'ကိုသာ ငေးမျှော်ရင်း
ခပ်မှုန်းမှုန်းအသက်ရှူခဲ့တယ်
တနင်္ဂနွေတစ်ရက်ထင်ပါရဲ့
စကြဝဠာကြီးရယ်
ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ငါ့ဆီရောက်လာတယ်
အင်မတန်ပူနွေးလှတဲ့ သူ့လက်ကြီးနဲ့
လက်ဆွဲနှုတ်ဆက်တယ်
ပန်းသီး ချယ်ရီပန်းနဲ့ ရွှေရောင်ကလောင်တံတစ်ချောင်း
လက်ဆောင်ပေးတယ်။
ပြီးတော့...
"မိတ်ဆွေကြီး ခရီးသစ်ထွက်တော့တဲ့"
အဲဒီလို ပြောအပြီးမှာ
စွတ်ဖားလှည်းကလေးစီးကာ ထွက်သွားတော့တယ်။

ငါဟာ
ပန်းသီး ချယ်ရီပန်း
ရွှေရောင်ကလောင်တံနဲ့
ငါ့ရောင်ကလောင်တံနဲ့
ငါ့အမှန်တရားဝတ်စုံကို ဝတ်ဆင်ကာ။ ။

mgyoe.com

mgyoe.com


## ခေါင်းထဲက ဝိညာဉ်

ခေါင်းထဲမှာ ဝိညာဉ်တစ်ခုပဲ လုံးလုံးရှိတယ်
ခေါင်းထဲမှာ အလောင်းမရှိဘူး
အလောင်းက သေခြင်းတရားနဲ့ စားသောက်နေလေရဲ့။
ကြက်ကင်တွေ
ဒိန်ခဲတွေနိုင်းချင်း
ဒန်းဘလက်အမန်းညက် ဘရန်ဒီ
ကမ္ဘာကျော်စီးကရက်တွေနဲ့ ဝိုင်းကောင်းလို့။
သူတို့အပေါ်မှာ စားပွဲထိုး ၉၆ ယောက်ကလည်း
လိုလေသေးမရှိအောင် ပြုစုလို့ပေါ့
သေခြင်းတရားက ဟောဒီလိုစကားစပြောတယ်
"ဟောဒီလောကကြီးမှာ
မြက်လျှောလို လင်းမြွေလို လမ်းလျှောက်တဲ့သူတွေကို
ငါသိပ်အထင်သေးတယ်"
အလောင်းက ဒီစကားကိုထောက်ခံတယ်
'ဟုတ်တယ်.....
ဒီကောင်တွေက ဘဝတစ်လျှောက်လုံးလုံးချည်း
ကာယိန္ဒြေမရှိတဲ့ကောင်စားတွေ
ပြီးတော့လည်း
ရှေ့ခုနစ်ဘဝ နောက်ခုနစ်ဘဝ

mgyoe.com

mgyoe.com

အနုပညာမရတဲ့ကောင်တွေ
အနုပညာသည်ယောင်ယောင်ကောင်စားတွေ
တကယ်ပြောတာ
ရှေ့ခုနစ်ဘဝ နောက်ခုနစ်ဘဝ
အနုပညာမရတာ သိပ်သေချာတဲ့ကောင်စားတွေ"
အလောင်းက အရက်ခွက်ကို မော့ချလိုက်တဲ့အခါ
သေခြင်းတရားပြောတယ်။
'ဟုတ်တယ်...
အဲဒီကောင်တွေဟာ
ပုစွန်ခြောက်သုပ်လောက်မှ
စားမကောင်းတဲ့ကောင်တွေပါကွာ
ဘုရားသခင်က သူတို့ဦးနှောက်ကို နှစ်ဇွန်းလောက်ခပ်ယူပြီးမှ
လူ့ဘဝလွှတ်လိုက်တာ
ဒါတွေ ဒင်းတို့ကသိတဲ့ကောင်တွေမဟုတ်ဘူး"
ဟား ဟား ဟား.....
စားပွဲထိုးတွေကပါ ဝိုင်းရယ်လိုက်ကြလို့
တစ်ခန်းလုံးအသံတွေလျှံပြီး အခန်းကြီးပွင့်သွားလေရဲ့
အလောင်းက
"ဟုတ်တယ် ဒီငနဲတွေက
အတုတွေကို လိုက်လိုက်တုနေရတဲ့ ငနဲတွေကွ
သူတို့မှာ အမှားအမှန် မလိုဘူး
သွေးပူနေတဲ့အချိန်မှာ ကိုက်မယ်
ပြီးတော့ လိုချင်တာအကုန်ပူဆာတတ်တဲ့ ကောင်တွေကွ"
သိလား ဟုတ်လား
အာလေးလျှာလေးနဲ့
အလောင်းရော သေခြင်းတရားပါ မူးနေကြပြီ
သေခြင်းတရားက မူးရင်သွေးဆိုးတယ်လေ
"ဘာလဲ မင်းကငါ့ကို ပူဆာတဲ့ကောင်လို့ပြောတာလား

mgyoe.com

mgyoe.com


ဟောဟိုမှာ ဝိညာဉ်ရှိတယ်
မင်းကဘာလဲ'
အဲဒီလိုကနေ သေခြင်းတရားနဲ့အလောင်းရန်ဖြစ်ကြတယ်
အလောင်းက သေခြင်းတရားကို လက်သီးနဲ့ထိုးပစ်လိုက်တယ်
ရွှံ့စေးမြေပျော့ဖတ်ကြီးထဲ
သေခြင်းတရားထိုးကျသွားတယ်
အလောင်းက ရင့်ကျက်သူမျက်နှာနဲ့
သေခြင်းတရားကို လက်ပိုက်ပြီး စိမ်းစိမ်းကြည့်နေ
ဒီအချိန်မှာ ခေါင်းထဲကဝိညာဉ်ခုန်ထလာ
အရက်တစ်လုံးကို ဖောက်ပြီးသောက်
ဟော့...
ဒါတွေအားလုံးဟာ
(ဒီအဖြစ်အပျက်အားလုံးကို ဆိုလိုချင်ဟန်)
သောကြာနေ့ကသောက်ထားတဲ့ လက်ကျန်အရက်တွေ
မဟုတ်ဘူးလို့ပြောလိုက်တယ်။
အဲဒီအခါမှာ
အလောင်းရော၊ သေခြင်းတရားပါ သေဆုံးသွားပါလေရော။ ။

mgyoe.com

mgyoe.com


## ပန်းချီ

ငါ့အရူတွေက ခွေးလို သံရှည်ဆွဲအူလို့
ငါ့အစာအိမ်က စစ်လမ်းကြောင်းကျတဲ့ ရွာကလေးတစ်ရွာလို။

ငါ့ကျောက်ကပ်တွေက
တဗွမ်းဗွမ်းရေတွေလျှံလို့။

ငါ့အဆုတ်တွေက
ဖွတ်ချက် ဖွတ်ချက်နဲ့ မီးခိုးတအူအူ
ဘယ်လိုမှ စားသုံးလို့မရတော့

ငါ့အရိုးနဲ့အဆစ်တွေ ဂျိုင်းထားတဲ့ ဂျိုင်းနတ်တွေပြန်းပေါ့
ငါ့ခန္ဓာ တာဘိုအင်ဂျင်သူ့ရဲကောင်းကြီးလေ...
သူရဲကောင်းကြီးတဲ့
ဘယ်လိုမှ ဆုတံဆိပ်တွေ မမျှော်မှန်း
ဘာဆုတံဆိပ်တွေမှ မရခဲ့တဲ့ သူရဲကောင်းကြီးပေါ့။

ငါဘယ်တော့မှ လက်နက်မချနိုင်ဘူးတဲ့
ဘာကြောင့်လဲဆိုတော့
ငါ့မှာ ချစရာ လက်နက်မရှိလို့ပါကွယ်တဲ့။ ။

mgyoe.com

mgyoe.com


## ရေထဲမြို့

ဟောဒီမှာ မြို့လေးတစ်မြို့လေ...
ကဗျာဆရာမာလာမေ မြင်မသွားခဲ့ဘူးတဲ့မြို့၊
မြို့လေးတစ်မြို့လေ...

သူ့လယ်ကွင်းရင်ဘတ်ထဲမှာက သော်ကဘုရားရယ်
သူ့နှလုံးသားရင်ဘတ်ထဲ...
ဝင်ဝင်ခွေ့တတ်တဲ့ မြောက်ပြန်လေရယ်
အဲဒီမြောက်ပြန်လေက ပွေ့ပွေ့လာတဲ့
စပါးပင်ပျိုကလေးရဲ့ ကိုယ်နံ့လေးရယ်
လမုပင်အုပ်ကလေးနဲ့ ချစ်ကြိုးသွယ်နေသူ
သရွတ်သွပ်ချောင်းကလေးရယ်
အရက်မမူးသူ အရက်ချက်စက်ရုံကလေးရယ်
ဇာတ်ပွဲကသလို ကပြနေသူ ဆန်စက်ကလေးတွေရယ်
ဘဝဝမ်းစာ ဖွေရှာမောသူ လှေမျောလေးတွေရယ်
မွှေးရနံ့ကန်ထရိုက်တာ သနပ်ခါးစက်ရုံကလေးရယ်
ဟော ကြာဆံစက်ရုံကလေးကလည်းရပ်ရှိလို့
စပါးရယ်၊ ရွှေရယ်၊ ငါးရယ်၊ ကြာဆံရယ်၊
သနပ်ခါးရယ်၊ ရေရယ်

mgyoe.com

mgyoe.com

မကြေပါစေလင့်လို့ ဆုတောင်းရင်း
အတွတ်နဲ့မွေးရေ
ရေထဲမြို့ကလေးဟာ ရင်ထဲမြို့ဖြစ်ခဲ့ပေါ့။

အတွတ်နဲ့မွေးရေ
ကြည့်ကွယ်...
မြို့ညကောင်းကင်ထဲ
နှစ်သစ်ကြိုတေးတွေ သီခါထွန်းလင်းလို့
ပြီးနှစ်သစ်တေးတွေ ကော်ဖီလာသောက်ကြ
ခရစ်စမတ် အကြိုညလို ဝေဆာလှပလို့
ဘယ်လိုမှမထင်မှတ်ဘဲ
ဗင်းနစ်မြို့အရသာမျိုးရခဲ့ရ
ရေနဲ့ ပင်္ဂိုသန္ဓေပြုသောမြို့လေး
ချောင်းပေါက်ကလေးက
ချောင်းပေါက်ကလေးထဲဝင်ကာ
မြို့အလှကို မြို့ကချောင်းကြည့်နေသော ရေထဲမြို့ပါလား။ ။

mgyoe.com

mgyoe.com


## ကြေးနန်းစာ

ဒီဇင်ဘာဟာ
လိမ္မော်စေ့ထဲမှာ ရှိတယ်။

သစ်ပင်များဟာ
သဘော်ကို လမ်းညွှန်တယ်။

ရထားတစ်စင်းမှာ
သစ်ရွက်များရှိတယ်။

စာအုပ်တစ်အုပ်ဟာ
အေးသောလဖြစ်တယ်။

စားပွဲတစ်လုံးဟာ
ခရီးသည်ကို သယ်ဆောင်တယ်။

လိမ္မော်သီးများဟာ
အသံကိုရိုက်သွင်းတယ်။

mgyoe.com

mgyoe.com


ကျောက်တုံးများဟာ
ခြေလေးချောင်းရှိတယ်။

ခွေးများဟာ
ပင်လယ်ထဲ စီးဝင်တယ်။

မြစ်များဟာ
သစ်သားကို ကိုက်ဖြတ်တယ်။

ပင်လယ်ဟာ
ညအခါ ထွန်းလင်းတောက်ပတယ်။

ဖန်နဝါရီဟာ
သစ်ပင်များကို ရှင်သန်စေတယ်။

ကြယ်များဟာ
စာများကို ယူဆောင်လာတယ်။

သားလှီးဓားတစ်လက်ဟာ
ဆားငန်တယ်။

mgyoe.com

သံမဏိဟာ
လူ့စိမ်းကို ဟောင်တယ်။

စာပို့လုလင်ဟာ
မာကျောသောဝတ္ထု ဖြစ်တယ်။

မိုးဟာ
အလွန်အမင်း အရသာရှိတယ်။
ပန်းခြံတွေဟာ
မျှော်စင်အမြင့်ကြီးပေါ်တွေ တက်ကြတယ်။

မျှော်စင်ကြီးတွေဟာ
နှလုံးသားပေါ်တက်ကြ
ကဗျာဆိုတာကိုတွေ့တဲ့အခါ
သမုဒ္ဒရာထဲ လိမ့်ကျသွား
မျှော်စင်ကြီးတွေဟာ
ကောင်းကင်မှာ ရွှန်းလက်တောက်ပတဲ့
ငြိုပြာကမ္ဘာတွေ ဖြစ်သွားကြတော့ရဲ့။ ။

mgyoe.com

mgyoe.com

## မစ္စတာချာလီ ခင်ဗျားကို ကျုပ်ဆွတ်လိုက်ပြီ

မစ္စတာချာလီ
ခင်ဗျားကို ကျုပ်ဆွတ်လိုက်ပြီ။

ထပ်ပြောပါရစေ
မစ္စတာချာလီ
ခင်ဗျားကို ကျုပ်ဆွတ်လိုက်ပြီ။

ဒီမှာ ကျုပ်အဆွတ်ခံ မစ္စတာချာလီ
တော်တော်များများဟာ ခင်ဗျားပေါ်မှာတည်မှီပြီး
ကျုပ်ဆွတ်ခွင့်ရလိုက်တော့
ခင်ဗျားဟာ
တော်တော်များများ ဆွတ်ထားတဲ့လူလို့
ကျုပ်သိလိုက်ရ၊
ကျန်တချို့ တော်တော်များများဟာလည်း
ခင်ဗျားအဆွတ်ခံဖို့ စောင့်နေကြမှန်း
ကျုပ်သိထားတာထက် ပိုသိလိုက်ရ

mgyoe.com

ကျုပ်မသိချင်တာတွေကိုလည်း သိလိုက်ရ
ဒီမှာ...
မစ္စတာချာလီ
ခင်ဗျားဟာ ဒီလိုမဆွတ်တတ်ခင်ကတည်းက
လူလည်လုပ်နည်းကို အရင်တတ်ခဲ့
ခင်ဗျားဟာ
သင်စုန်းမဟုတ်ဘူး
ခင်ဗျားဟာ ဝမ်းတွင်းစုန်းဆိုတာ
ကျုပ်သိလိုက်ရမှုက
သံတုံးသံခဲတွေ ဖြစ်ခဲ့ပေါ့
ဒီမှာ...
မစ္စတာချာလီ သံတုံးသံခဲတွေမှာ သွေးသားမရှိဘူး၊
ခင်ဗျားရဲ့ရူးဆွတ်ထားမှု
ခင်ဗျားရဲ့ဆွတ်ဖျန်းထားမှုတွေကို
ကျုပ်ဆွတ်လိုက်ပြီ
ထပ်ပြောလိုက်ပါရစေ
မစ္စတာချာလီ
ခင်ဗျားကို ကျုပ်ဆွတ်လိုက်ပြီ။ ။

mgyoe.com

mgyoe.com

## မြို့သစ်မိုး

ငှက်တွေက လေထဲမှာ နားနေကြ
ကန်စွန်းပင်တွေက ရေထဲမှာ နားနေကြ
ဆောက်ပြီးစ တိုက်တွေလိုလို
ဆောက်လက်စ အိမ်ကလေးတွေလိုလို
မှိုနတို ကနဖော့တွေလည်းပီပြီး
ပေါ့ပေါ့ပါးပါးစကားတွေဆိုကြလို့
"ဘယ်လိုမှ မအောက်မေ့နဲ့နော်
ကိုယ့်အရပ်ကိုယ်အခြေမို့ မစွန့်လွှတ်နိုင်ဘူး" တဲ့
ကန်သင်းရိုးကနေ မြေနီလမ်းဖြစ်သွားတဲ့
ကန်သင်းရိုး မြေနီလမ်းတွေကလေ
ငယ်ဘဝတွေကို လွမ်းရင်းနဲ့ပျော်
ကန်စွန်းခင်းနဲ့ အဖွဲ့လေးဖွဲ့နေထိုင်
မှိုနတို ကနဖော့ဘဝကနေ
ဘဝမပြောင်းလဲဘဲ နေထိုင်တာမျှော်ကြည့်
အလှပျက်ခဲ့ပေမယ့် အလှမဖျက်အောင်ပေါ့။
ဘဝပျက်ခဲ့ပေမယ့် ဘဝမဖျက်အောင်ပေါ့။

mgyoe.com

ကောင်မလေးမောင်းလာတဲ့ ဆီဒင်ကားက
ဓာတ်ဆီနံ့လေး ရှူရှိုက်ရင်းလေ
မြို့သစ်ဖြစ်စေ မြို့သစ်မှာ
ဟိုတုန်းက လူဟောင်း လူကောင်း
လေရိုင်းတွေကို လှမ်းနှုတ်ဆက်ရင်း
ဝင်းပနေစ ဘဝတွေ
မြို့သစ်ဖြစ်ဖို့
အသစ်စက်စက်မြို့တွေ မြို့ဖြစ်ဖို့
မိုးကလေ...
အသစ်စက်စက်မြို့မှာ
မိုးကလေ...
သူ့လယ်ကွက်တွေ မြို့ဖြစ်သွားတာ
သူမသိပေမယ့်
မိုးကလေ...
သူ့လယ်ကွက်တွေ သူရေးပေးဖို့ပဲ
သူသိ၊

mgyoe.com

mgyoe.com

မိုးကလေ...
သူ့ဘဝတစ်လျှောက်လုံးမြတ်နိုးခဲ့တဲ့ လယ်ကွက်တွေ
သူရေပေးမယ့်
သူမြတ်နိုးမှုက ရေတွေကမ်းဖို့ပဲ
ဒီအသိတစ်ခုတည်း သူ့မှာရှိ၊
ခဏာခဏာရွာ
တော်ကြာရင်းရွာ
တော်နေကြာရွာ
တဖြန်းဖြန်းရွာ
ကွန်ကရစ်ဖျော်စက်တစ်ခုလို
တအုန်းအုန်းအသံပေး
ရွာချ၊
မိုးကလေ...
အသစ်စက်စက်မြို့မှာ
အညာဖုန်လုံးကြီးတွေလို
တလိပ်လိပ်နဲ့
လှိမ့်လှိမ့်ပြီးရွာ။ ။

mgyoe.com

## ဂျုံးနီ

ဂျုံးနီ
ငါ့အရက်မူးပြန်လာတိုင်း ပြန်လာတိုင်း
ငါ့အရက်နံ့ကို မင်းကြိုဆိုနေကျ။
လူတွေဟာ
သူတို့သောက်တဲ့ရေကို သူတို့နှာခေါင်းရှုံ့နေကျ။
လူတွေဟာ
သူတို့ဆောက်တဲ့အဆောက်အအုံကို သူတို့သည်းညည်းမခံနိုင်ကြဘူး
မင်းငါ့အရက်နံ့ကို ပျူပျူငှာငှာလက်ခံနေကျ
အရက်သမား ငါ့ကိုအသိအမှတ်ပြုနေကျ
ဂျုံးနီ
ငါ့စိတ်အခန့်မသင့်ရင်လေ
မင်းကိုယ်ပေါ် ငါ့ခြေထောက်တွေရောက်နေကျ
ငါ့ဒေါသက
ဘာမှမဆိုင်တဲ့ မင်းကိုယ်ပေါ်
ငါ့ခြေထောက်တွေ ရောက်နေကျ၊

mgyoe.com

mgyoe.com


နာလွန်းလို့ မင်းအော်လိုက်ရင်တောင်
မင်း
ငါ့ခြေထောက်တွေကို အားနာနေကျ
ဂျုံးနီ
မင်းအင်အားကုန်သုံးပြီး ခုန်ပေါက်ပြေးဝင်လာ
အမြဲတမ်းငါ့ကိုကြိုတာ
တာဝန်အရလို့ မင်းစိတ်မှာမထားမရှိတာ
ငါမြင်ရ
ငါရခဲ့တယ်။
ဂျုံးနီ
ငါ မင်းကို အသားကောင်းကောင်း မကျွေးခဲ့ဖူးဘူး
တစ်ခါတစ်ရံတော့
ငါ့စိတ်ကောင်းဝင်နေမှုဟာ
ချောကလက်လေးတွေအဖြစ် မင်းစားရပါတယ်။
ဂျုံးနီ
ငါမှတ်မိတယ်
မင်း မြေကြီးကို တူးတူးပြီးဆော့တတ်တာလေ
ငါသိပ်ကြည်နူးတဲ့ ရှုခင်းလေးပေါ့
ငါက
မင်းရှေ့ကိုကျော်ပြီး ခဲလုံးလေးတွေ ပစ်တယ်လေ၊

mgyoe.com

mgyoe.com


ဂျုံးနီ
လေတဟူးဟူးထန်နေတုန်းက
မင်းနှုတ်သီးကိုရှေ့ပစ်ပြီး
တအူးအူး တအုအုနဲ့ မင်းအူမြူးနေတာ
ငါတုတ်နဲ့လိုက်ရိုက်တော့
မင်းကြောက်ဟန်ဆောင်ပြီး ထွက်ပြေးတာ၊
ဂျုံးနီ
မင်းကိုယ် ဝဝဖီးဖီးကြီးကြီးနဲ့
ငါ့ကို ဆောင့်ဆောင့်တိုးဖော့နေကျလေ
ငါလက်ဖျောက်တစ်ဖျစ်တီးလိုက်ရင်
မင်းလိုက်လိုက် ဟီဟီနေကျ
ငါက မာန်မဲလိုက်တဲ့အခါ
မင်းလျှာကြီးနဲ့ ငါ့ကိုမြန်မြန်လျက်တယ်
ငါကလိုလားတဲ့အခါ
မင်းကျောတွေ ပွတ်ပွတ်ပေးနေကျ၊
ဂျုံးနီ
ငါ အခုခါ
အဲလိုမျိုးမာန်မဲအရသာခံချင်တယ်၊

mgyoe.com

mgyoe.com

ဂျုံးနီ
မင်းမျက်လုံးမှာ
ငါ့မေတ္တာကို မွတ်သိပ်ကြောင်းပြနေကျအရောင်
ငါခု ဒါကို မင်းလိုမွတ်သိပ်ရပြီ၊
ဂျုံးနီ
မင်းမှာ အသည်းနှလုံးရှိတာ ငါသိပါပြီ၊
ဂျုံးနီ
ငါဘယ်လောက် ရက်စက်သလဲကွာ
မုန့်ပဲသရေစာလေး မင်းကိုကျွေးတာတောင်
မုန့်ကလေးမင်းကိုမြှောက်ပြ
ပြီး
ဖုန်ထဲပစ်ချလိုက်တာ
ဖုန်ထဲကျနေတဲ့ မုန့်ကလေးကို
မင်းစိတ်မာနမထားဘဲ
မင်းနှုတ်သီးနဲ့ ထိုးဟပ်ပစ်လိုက်တာ
(တကယ်တော့
မေတ္တာဆိုတာ ဖုန်ထဲကမုန့်ကလေးပါလားလို့
ငါမသိလိုက်ခဲ့ဘူးကွယ်၊)
ဂျုံးနီ
မင်းနေကောင်းရဲ့လားကွယ်။
ဂျုံးနီ
အိပ်ရာပေါ်မှာ
ဘာမှမလှုပ်နိုင်တဲ့ မင်းသခင်
နောက်ဆုံးထွက်သက်နဲ့ပေါ့ မင်းကိုနှုတ်ဆက်ချင်ရဲ့
ငါ့နောက်ဆုံးထွက်သက်နဲ့ပါ
ဂျုံးနီရယ်။ ။

mgyoe.com

## စိတ်အန်ဖတ်

"ကျား" မီးခြစ်ကို
တအားကြီးဖိခြစ်ပစ်လိုက်တယ်
လက်ဖက်ရည်ခွက်ထဲက
ကမ္ဘာကြီးကို
ငါသိပ်စိတ်မတွေ့ဘူး။

သတိထားကြ
ထမင်းပန်းကန်ထဲက အမှန်တရား
ငါစားပစ်လိုက်ပြီ။
တစ်ခြမ်းကမှည့်ရွှမ်းအရသာရှိပြီး
တစ်ခြမ်းကစိမ်းနေသေးတဲ့ ကမ္ဘာကြီးဟာ
ငါပုံကြမ်းလောင်းထားတဲ့ ပန်းပုရုပ်ကလေးပေါ့။

ဝိညာဉ်တွေကို ဖိနပ်လုပ်ပြီး စီးပစ်မယ်
လူတွေမျက်နှာပေါ်က
ကမ္ဘာကြီးကို ငါမယုံဘူး။

အငမ်းမရသောက်ခြင်းမျိုးနဲ့
လမင်းကို ငါသောက်ပစ်လိုက်ပြီ
တေးဂီတအားလုံးကို ငါသောက်ပစ်လိုက်ပြီ
မုန်တိုင်းတွေကို ငါသောက်ပစ်လိုက်ပြီ
ကမ္ဘာကြီးကိုလည်း ငါသောက်ပစ်လိုက်ပြီ
လေထဲမှာ ကဗျာဆန်ဆန်ဝဲနေတဲ့

mgyoe.com

mgyoe.com


ဗန်ဒါရွက်တွေကိုလည်း ငါသောက်ပစ်လိုက်ပြီပေါ့။
ဟောဟိုက
ခုံဖိနပ်တခွပ်ခွပ်နဲ့ လမ်းလျှောက်လာတာ
ငါ့ အာရုံပေါ့။
တွေ့လား
အပင်ပေါ်မှာ ညွတ်နေအောင်သီးနေတဲ့
ဝင်းဖန့်ဖန့်လိမ္မော်သီးတွေကလဲ
ငါ့အာရုံပေါ့။
ဟိုကတ္တီပါ မြက်ခင်းလေးရယ်
ဟိုကောင်မလေးဆိုးထားတဲ့ နှုတ်ခမ်းနီရယ်
ငါ့အာရုံတွေပေါ့။

ငါ ငါ့လက်ထဲမှာ
ငါ့ဘဝလေးကို ကျစ်ကျစ်ပါအောင်ဆုပ်ထားပြီး
ငါ
ဦးနှောက်အားထွက်ခဲ့ပြီ
နှလုံးသားအိမ်ကထွက်ခဲ့ပြီ
အာရုံကဖိုးကထွက်ခဲ့ပြီ
အချစ်ရေ
နှလုံးသားကိုလေ
ထဘီအဆင်လှလှလေးရက်ပေးမယ်
လောကဓံတရားတွေကိုတော့
ဖန်ခွက်ထဲမှာ အရက်နဲ့ရောပြီး
"ကိုကို" မော့ထည့်လိုက်ပြီကွာ။ ။

mgyoe.com

mgyoe.com

## ဆတ်သွား

ကျယ်ပြန့်တဲ့ ရင်အုပ်ကားကားနဲ့
အသားနီနီ ယာတောများက
မီးခိုးလုံး
တောစိမ်း
ချောင်းနက်နဲ့
မှော်သားပြည့်သိပ်လေတွေ
သူ့အဆုတ်ကြီးထဲ
ရှူသွင်းပစ်လိုက်တဲ့
ဒီနိမ့်ချည်မြင့်ချည် အသက်ရှူမြင်ကွင်းထဲ
လက်တံရှည်ရှည်ကြီး ထိုးသွင်းလိုက်သလို
ရထားဝင်လာပြီ
ဒါဆတ်သွားပေါ့။

mgyoe.com

mgyoe.com


နီပြေပြေ ဝါကျုံကျုံ မန်ကျည်းပွင့်
သေးညှက်ညှက်ကလေးတွေ
အုတ်ကန် အအိုအမင်းအဟောင်းကြီးထဲ
တစိမ့်စိမ့် တလိမ့်လိမ့်အနေ့းကြွေကျ
အရာအားလုံးထွားကျိုင်း
ဝဖိး
ခိုင်ဖြိုးလွန်းလှတဲ့ ဓာတ်တစ်မျိုး
ထွန်းကားတဲ့ ဒီအရပ်မှာ
ဒါဘယ်သူစပ်တဲ့ကဗျာတဲ့လဲ
ဒါဟာ ဆတ်သွားပေါ့။

တစ်ခါကပေါ့
ကျေးတောသားတစ်ယောက်ဟာ
မြို့နေပြီး မြို့အဆန်ဆုံး ကိုင်းတစ်ကိုင်းယူလာ
သူ့ယာခင်းထဲ
ကြဲချလိုက်တဲ့အခါ
မြို့ကိုင်းဆိုတဲ့ ရွာကြီးတစ်ရွာဖြစ်လာခဲ့
ဒီအရပ်မှာ။

ဒီမှာလေ
မူလက
ဒါဟာ ဆတ်တစ်ကောင်ရဲ့သွားပေါ့။

mgyoe.com

ခုတော့
မြို့ဆန်ဆန် မြို့အင်္ကျီနဲ့ဆတ်သွား
ကလေးအမေတစ်ယောက်ရဲ့ နို့ပိန်နဲ့တူတဲ့
ဘတ်သီးတွေ
မမှန်မကန်လင်းတတ်တဲ့နေရာ...
ကျောမှာ
အမာရွတ်ကြီးလို
အဝေးပြေးကားလမ်းမ...
ခါးမှာ
မီးရထားသံလမ်း ခါးပတ်လို့...
ဗိုက်ထဲမှာ
မြို့ရဲ့ချွေးခံအင်္ကျီနဲ့တူတဲ့ ဘိလိယက်ခုံတစ်ခုံ
ခုန်လို့...
မြို့ဟန်ဆောင်ပါလေ ဆတ်သွားရေ။

သင်တို့မြင်ဖူးစ
သင်တို့စိတ်တွေ အတစ်လိုက် အတစ်လိုက်
ခန္ဓာကိုယ်ပေါ်က ကွာကျ
သစ်ညိုလုံးထွားထွားကြီးတွေပေါ်
တွားလို့တွားလို့
တွားတွားနေမှာ
ဒါ ဆတ်သွားပေါ့။

mgyoe.com

mgyoe.com


မြေအကျော တစ်မျိုးခေတ်နဲ့ဖွံ့ထွား
မှော်သားအထည်တစ်မျိုးနဲ့ အဆင်အသွေးကျ
ကမ္ဘာလုံးဝန်းကြီးကိုတောင်မှ
ထည့်ထုပ်ပစ်လိုက်နိုင်တဲ့
အင်ဖက်ကားကားကြီးတွေ
သားပေါက်ရာအရပ်
သစ်ညိုလုံးထွားထွားကြီးတွေ
အိပ်မွေ့ကျရာအရပ်...
မြွေပွေးဝဝတုတ်တုတ် ဖိးဖိးကြီးတွေ
စည်ကားရာအရပ်
အလင်းရောင်ဖောဖောသီသီရထားတဲ့
ဒီအရပ်မှာ...
မှော်သားလေတွေ လင်းလင်းကျင်းကျင်းဖိတ်လျှံတဲ့
ဒီအရပ်မှာ...
ခုတ်သားတုံးကြီးတစ်တုံးက
ရှာအဖြစ်အသက်ရှင်နေတဲ့
ဒီအရပ်မှာ...
ယာမီးခိုးလုံးတွေနဲ့ တောစိမ်းတွေ
မိတ်လိုက်နေတတ်တဲ့
ဒီအရပ်မှာ...
ပိဿာစီး ငါးတန်ကြီးတွေ
အသံထွက်ပွက်ကျနေတဲ့
ဒီအရပ်မှာ...
လောကခံတရားထက်ပြင်းတဲ့အရက်ကို
မချစ်က ချက်တဲ့
ဒီအရပ်မှာ...
ဒီဆတ်သွားတစ်ချောင်းပေါ်မှာ
အသားနီနီတောကင်းကြီးတွေဟာ

mgyoe.com

mgyoe.com


ဓာတ်လိုက်ကြိုးတွေဖြစ်တယ်
တောကင်းကြီးတွေဟာ
သူတို့အသားပြင်ကိုပပ်ကြားအက်စေတဲ့
စူးရှရှလေပူပူကို ချစ်ကြတယ်။
တောကင်းကြီးတွေဟာ
သွားထိရင်ဖောက်ကနဲ မြည်သံထွက်တဲ့
အသားမြည်သံကိုပိုင်ဆိုင်တဲ့
ဆူးပင်တွေကို ချစ်ကြတယ်။
တောကင်းကြီးတွေဟာ
သူတို့ခန္ဓာကိုယ်ထည်တွေကို
ရှားနှစ်လို စူးနေအောင် ချွန်ကြ
သူတို့က ယာခင်းလို့ခေါ်တဲ့
သူတို့ဘဝတွေကို
သွေးကြောင်းအရစ်ရစ်ထအောင် ထွန်ယက်ကြ
ဒါကြောင့်ပဲ
သူတို့ဘဝယာခင်းတွေဟာ
နီရဲနေကြတာပေါ့။

တောကင်းကြီးတွေဟာ
သူတို့ရယ်သံတွေကို
ကြဲပက်ပစ်လိုက်တဲ့အခါတိုင်း
နှမ်းခင်းကြီးတွေဖြစ်လာတယ်။
တောကင်းကြီးတွေဟာ
သူတို့ကိုယ်ကြီးက ချွေးသီးချွေးပေါက်တွေကို
မြေပဲထောင့်ထွားထွားကြီးတွေအဖြစ်စိုက်ကြတယ်
တောကင်းကြီးတွေဟာ
သူတို့ခြေလက်တွေကို ဖြတ်တောက်
မြေကြီးထဲထိုးထည့်လိုက်တဲ့အခါ

mgyoe.com

mgyoe.com


အချိုရည်ရွှမ်းလဲ့လဲ့
ကြံခင်းကြီးတွေဖြစ်လာတယ်။

ခါသားချက်
တောဝက်သားဟင်း
လောကခံတရားထက်ပြင်းတဲ့
မချစ်ရဲ့အရက်
တောကင်းကြီးတွေဟာ
အဲဒီကန္တာရရင်အုံကြီးကိုစို့ကာ
ပျော်ကြ
ဘာမဆို မှော်ထနေလွန်း
ဆတ်သွားတစ်ချောင်းပေါ်က
ဆတ်သွားဆိုတဲ့ ဒီအရပ်ဟာ
အကြေကိုစုန်သလိုလိုနဲ့
အညာကိုဆန်ဆန်သွားတတ်တဲ့
ခရီးသွား ပိုးစာခင်းမြေသားတစ်ခုပေါ့။ ။

mgyoe.com

## အသံထွက်ညံ့ညံ့နဲ့ ကံကြမ္မာ

တည်ငြိမ်တဲ့ နေ့နံတွေမဟုတ်
စိတ္တကာရကဂြိုဟ်ဆိုတဲ့ ငနဲကလဲ
ချေးကျရာပျော်
ဘာတွေကိုများ
အချင်းချင်းခေါ်ထူးနေကြတာလဲ
ဘာလဲ
ပွဲတော်တွေကို ထားခဲ့ရမှာလား
ဘာလဲ
ဂျက်လန်ဒန်ကို ထားခဲ့ရမှာလား
ဘာလဲ
အနန္တသူရိယရဲ့ကဗျာကို ထားခဲ့ရမှာလား
ဘာလဲ
မျက်ရည်စစ်စစ်တွေကို ထားခဲ့ရမှာလား
သွားစမ်းပါ။

mgyoe.com

mgyoe.com

သေခြင်းတရားကလွဲပြီး ဘာမှမဆန်းတဲ့
ဒီကမ္ဘာလောကဆိုတဲ့ သေတ္တာကြီးထဲမှာ
လူ့ဘဝဆိုတာကလဲ
ကြည့်လေ
ဥ(အု)ကနေပဲ ပေါက်ဖွား ပေါက်ဖွား
အပေါက်ကနေပဲ ပေါက်ဖွား ပေါက်ဖွား
အညစ်အကြေးတွေနဲ့ အိုင်းအနာကြီးပါ
တီရှုပ်ထွေး ဝက်စားကျင်းထဲ ဝက်တွေပျော်
အားလုံးဟာ
တွန့်လိမ်ရှုပ်ထွေးပြီး ကောက်ကွေ့
အားလုံးဟာ
ညစ်ပေပျော်ရွှင် သံဝေဂဝတ်ကောင်းစားလှန့်
သေခြင်းတရားကလွဲပြီး ဘာမှမဆန်းတဲ့
ဒီကမ္ဘာလောကဆိုတဲ့ သေတ္တာကြီးထဲမှာ
ဦးနှောက်ကို ဖောက်ချပေးလိုက်ပေမယ့်
ဘာမှမရ
မိမိကိုယ်ကိုမိမိ လိမ်ညာတဲ့ ဘုံစဉ်ကျ
ယုတ်မာကြ
ယုတ်မာခြင်းကို သင်ကြားကြ
အရာအားလုံး တွန့်လိမ်ကောက်ကွေ့ပြီး
အုတ်အရောရော ကျောက်အရောရော
နံနံစော်စော်တွေချည်းပဲ
ထိုင်နေရင်း ဒုံးပြေးထားရသလို မော
မောပြီးရင်း မောနေရ အမောကြီးနဲ့
ဘဝကို မအေးခဲလွန်းအောင် ပုံပြုရတာကိုက
နှစ်ပေါင်းလေးဆယ်လောက် ကြာမယ်
အသည်းနှလုံးနဲ့ နှုတ်ခမ်းနဲ့ကလဲ
မိုင်လေးဆယ်လောက် ဝေးကွာတယ်

mgyoe.com

mgyoe.com


လွတ်လွတ်လပ်လပ်ကြီးကိုပဲ
မတ်တတ်က ပြုံးပြုံးလဲလိုက်လာနေ
လောကစံ ဒန်းလော့မွေ့ရာပေါ်
ကံကြမ္မာတွေ အပျော်မယားနဲ့နှောကြလို့မို့
သောတာရုံတွေ သားစပ်ခံရ
ဘဝပြည်တည်နာတွေသာ
ဒါစွမ်းနိုင်ရဲ့
အရေခွံတွေ ဖြားယောင်းခံလိုက်ရပြီ
အနာဂတ်တစ်ခုခုကို ရမလားလို့
နိုးကြားနေရှာသူ
အိုးမဲ့ အိမ်မဲ့ ညနေရီကျွန်းကလေးရေ။ ။

mgyoe.com

mgyoe.com

ပေတိုး

ဘယ်ကလေးတစ်ယောက်ဆီက
ကျခဲ့မှန်းမသိတဲ့
အကျထည် ဂါဝန်ပွပွကြီးနဲ့
အဲဒီ အကျထည်ဂါဝန်ကြီးကို
ထပ်မံစပ်ဟပ်ဖာထေးထားသေး
အဲဒီ အဆီအငေါ်မတည့်တဲ့ ဂါဝန်ပွပွကြီးဝတ်လို့
ပေတိုး။

နှုတ်ခမ်းတစ်ခြား ဆေးတစ်ခြား
အပေါ်စား နှုတ်ခမ်းနီနီကြီးလဲ
နီနီရဲရဲကြီးဆိုးထားခံရသေး
ပေတိုး။
အပေါ်စားပေါင်ဒါလဲ
မျက်နှာပေါ် တဖုန်းဖုန်းရိုက်ခံထားရ
လူပုံအလယ်မှာ
မျက်နှာကြီးဖွေးဖုံလို့
ပေတိုး။

mgyoe.com

mgyoe.com


ဆံပင်အရှည်မရှိလို့သာပေါ့
နို့မို့ဆို
ကော့စမတ်တစ်တွေ၊ ဘယ်ရီကရိမ်းတွေ
တလှေကြီး လိမ်းခံရဦးမှာ
ကျိုချွဲချွဲကြီးနဲ့နေဦးမှာ
ဒါပေမဲ့ (မလွတ်ပါဘူး)
ခုလဲ ဘယ်သက်သာလို့လဲ
ခေါင်ရှန်းပန်းရိုင်းပွင့်ကြီး တကားကား
ခေါင်းမှာ ပန်ထားခြင်းခံရသေး
ပေတိုး
မျောက်ကလေးပေတိုး။

မျောက်ဆိုတာနဲ့ လုံလောက်ခဲ့ရဲ့သားနဲ့
ပေတိုးလို့ နာမည်မှည့်ခြင်းလဲခံရသေးတဲ့
ပေတိုး ပေတိုး
မျောက်ကလေးပေတိုး။

သူ့မျောက်ဆရာက ကြိမ်လုံးလေးတစ်ချက်ဝင့်
ဟဲ့ ပေတိုး ရှေ့ကျွမ်းဆိုရင်
ပေတိုးခမျာ
ရှေ့ကျွမ်း။

mgyoe.com